# Information Sheet



**VOLUME IX, ISSUE 26** 26 October 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁) ပြုလုပ်ကျင်းပ | ၁ |
| ၂ | အာဆီယံအစည်းအဝေးများတက်ရောက်ရာတွင် မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် | ၄ |
| ၃ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ် | ၅ |
| ၄ | ပြည်ပကုန်သွယ်ဖက်နိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးသင်တန်း(၂၀၂၁) သင်တန်းဖွင့်ပွဲကျင်းပ | ၈ |
| ၅ | (၂၀) ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေးကျင်းပ | ၉ |
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၀ |
| ၇ | ဖြူးမြို့နယ်ရှိ တောင်သူများအတွက် နိုင်ငံတော်မှ ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ် | ၁၂ |

# Information Sheet

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁) ပြုလုပ်ကျင်းပ



အောက်တိုဘာလ ၂၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် အမှာစကားကောက်နုတ်ချက်များမှာ-

- အစိုးရတိုင်း၏တာဝန်မှာ မူဝါဒပိုင်းဆိုင်ရာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်၍ နိုင်ငံ့အရေးနှင့်ပတ်သက်၍ သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများသည့်နိုင်ငံဖြစ်ရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် လုပ်ငန်းများမှထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပဝင်ငွေအများဆုံးရရှိနေသည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးကို အဓိကထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသူများသည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးကောင်းမွန်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန် လိုကြောင်း။
- ကျေးလက်ဖွံ့ဖြိုးရေးနှင့် စီးပွားရေးမြှင့်တင်ရေး၊ ပြည်နယ်များ ဖွံ့ဖြိုးရေးတို့အတွက် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။
- ပညာရေးနှင့်ပတ်သက်၍ "အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်" ဖြစ်သောကြောင့် ပညာသင်ကြားရေးအား မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ကျေးလက်နေ ပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထားဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထားမြှင့်တင်ပေးရန် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။
- စိုက်ပျိုးရေးအတွက် လိုအပ်သည့်မြေသြဇာများရရှိစေရေးအတွက် သဘာဝဓာတ်မြေသြဇာများဖြစ်သည့် Bio Fertilizers များ၊ သစ်ဆွေးမြေသြဇာများ၊ နွားချေးဝက်ချေးမြေသြဇာများနှင့် အီးအမ်ဘိုကာရှီမြေသြဇာများသည် ပြည်တွင်း၌ရရှိနိုင်သဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း။
- မိရိုးဖလာမွေးမြူရေးစနစ်များဖြင့် ရောင့်ရဲမနေဘဲ နည်းပညာအရ ဖောက်ထွက်၍ စနစ်တကျမွေးမြူနိုင်ရန်အတွက် အစိုးရအနေဖြင့် တိုက်တွန်းပေးခြင်း၊ ကူညီပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- နိုင်ငံတွင်း ဓာတ်မြေသြဇာလိုအပ်ချက်နှင့်ပတ်သက်၍ ပြည်တွင်း၌ ဓာတ်မြေသြဇာစက်ရုံ (၅) ရုံရှိသော်လည်း (၃) ရုံဖြင့်သာ ထုတ်လုပ်နိုင်၍ စက်ရုံအားလုံး စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ ပိုမိုထုတ်လုပ်နိုင်ရေး၊ နည်းလမ်းကြံဆဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ဧရာဝတီမြစ်ဘေးနှင့် ချင်းတွင်းမြစ်ဘေးတွင် စိုက်ပျိုးနေသော သီးနှံစုစုပေါင်း သန်း ၃၀ နီးပါးရှိပြီး နိုင်ငံပိုင်စက်ရုံ ၃ ရုံမှ ထုတ်သည့် ဓာတ်မြေသြဇာများဖြင့် မလုံလောက်သောကြောင့် ပြည်ပက တစ်နှစ်ကို တန်ချိန်တစ်သန်းခွဲလောက် တင်သွင်းနေရ၍ ဒေါ်လာသန်းပေါင်း ၂၈၀ လောက်

ကုန်နေသည့်အတွက် ယူရီးယားဓာတ်မြေဩဇာ၊ ဓာတ်မြေဩဇာစက်ရုံများဆောက်ရန် လိုကြောင်း။

- မြစ်ချောင်းများအနီးရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီမရွေးစိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။
- မြန်မာနိုင်ငံတွင် ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့များ ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း သဘာဝဓာတ်ငွေ့များအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ ရှိသလို ကမ်းရိုးတန်းဒေသများတွင်လည်း လေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူ၍ရကြောင်း။
- သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက်ရရှိသော အခြေအနေပေါ် မူတည်၍ Small Scale, Median Scale များကို ဆောင်ရွက်နိုင်မည်ဆိုပါက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြရန် လိုကြောင်း။
- စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့အား ပြည်တွင်း၌ လုံလောက်စွာ အသုံးချနိုင်ရေး စွမ်းအင်မူဝါဒမှတ်ဆောင်ရွက်လျက်ရှိပြီး ကျောက်မီးသွေးများကိုလည်း စနစ်တကျအသုံးချ၍ စက်ရုံများတွင် လိုအပ်သည့်စွမ်းအင်များ ထုတ်လုပ်နိုင်ရေး အသုံးချဆောင်ရွက်ရန်လိုကြောင်း။
- ပြည်တွင်း၌ ဘိလပ်မြေများလုံလောက်စွာထုတ်လုပ်နိုင်ရေး လိုအပ်မှုနှင့် ပတ်သက်၍ နိုင်ငံအတွင်း၌ထုတ်လုပ်နေသော ဘိလပ်မြေစက်ရုံများ၌ Dry Process အခြောက်နည်း Wet Process အစိုနည်းများဖြင့် ထုတ်လုပ်လျက်ရှိသောကြောင့် အဆိုပါစက်ရုံများအနေဖြင့် Dry Method ကို ပြောင်းကြစေလိုပြီး လိုအပ်သော နိုင်ငံခြားငွေကိုလည်း မိမိတို့ ချေးပေးနိုင်ကြောင်း။
- ပြည်ပကဘိလပ်မြေတင်သွင်းစရာမလိုဘဲ Standard တစ်ခုထား၍ ပြည်တွင်း၌သာ quality ကောင်းကောင်းဖြင့်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဘိလပ်မြေစက်ရုံများသို့ သွားရောက်၍ သတ်မှတ်အရည်အချင်းမီမမီ စစ်ဆေးရန်လိုကြောင်း။
- သံမဏိစက်ရုံတည်ဆောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် သံမဏိကုန်ကြမ်းများကို နှစ်ပေါင်းများစွာထုတ်နိုင်သည့် နေရာ ၄ နေရာလောက်ရှိသည့်အတွက် သံချောင်းအသေးလေးတွေနှင့် ကျေနပ်မနေဘဲ ငါးမူးလုံး၊ တစ်ကျပ်လုံးမှတစ်ဆင့် H Beam၊ I Beam ထုတ်နိုင်တဲ့အဆင့်ထိ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း။
- မိမိတို့အစိုးရအနေဖြင့် ဘိလပ်မြေနှင့်ပတ်သက်၍ ပြည်တွင်း၌ လုံလောက်စွာထုတ်ရန် လုပ်ဆောင်လျက်ရှိပြီး ဓာတ်မြေဩဇာထုတ်လုပ်ရေးနှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများအား စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပမည်သူမဆို ဖိတ်ခေါ်ပြီး မိမိတို့အတတ်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။
- ပို့ဆောင်ရေးနှင့်ပတ်သက်၍ Public Transportation ဖြစ်သည့် မီးရထား၊ မြို့ပတ်ရထား၊ ဘတ်စ်ကားလိုင်းများသည် တိုင်းပြည်အတွက်အကျိုးရှိသည့် လုပ်ငန်းများဖြစ်သဖြင့် အသုံးပြုနိုင်စေရန်အားပေးရန်လိုပြီး ထိုမှတစ်ဆင့် လျှပ်စစ်ပြောင်းနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။
- စားသောက်ကုန်နှင့်ပတ်သက်၍ နည်းပညာများအသုံးပြုပြီး ပြည်တွင်းစားသောက်ကုန်များအား အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသွင်းကုန်များအား တတ်နိုင်သမျှ လျှော့ချရေး ဆောင်ရွက်ရန်လိုကြောင်း။
- မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးမှုလုပ်ငန်းများ များစွာရှိသည့်အတွက် ဝါစိုက်ပျိုးမှု နည်းပညာမြင့်မားရေးအတွက် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။
- ပညာရေးမြှင့်တင်ပေးမှု ဆောင်ရွက်ရာတွင် အခြေခံပညာအား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး KG + 9 အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း။
- အခြေခံပညာ အထက်တန်းနှင့်အလယ်တန်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသလို လိုအပ်သည့် ကာကွယ်ဆေးများ ထပ်မံဝယ်ယူရရှိရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။
- မိမိတို့နိုင်ငံ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် အသိပညာအတတ်ပညာပေါကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့်ပတ်သက်၍ အားနည်းသော ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- နယ်စပ်ဒေသနှင့် ဝေးလံခေါင်သီဒေသများရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်လိုသည့်အပြင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ အမှန်တကယ်နားလည်တတ်ကျွမ်းမှုရရှိစေရေး သင်ကြားပေးရန်လည်း

လိုသောကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်သွားရန်။

- နိုင်ငံရပ်ခြားသို့ ပညာတော်သင်များ စေလွှတ်နိုင်ပါက နိုင်ငံတော်အတွက် အကျိုးရှိပြီး ၎င်းတို့တတ်မြောက်ထားသည့် ပညာရပ်နှင့်ကိုက်ညီသည့် လုပ်ငန်းများတွင် လူမှန်၊ နေရာမှန် တာဝန်ပေးနေရာချထားရန်လိုကြောင်း။
- သမဝါယမစနစ်ကို အခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများအတွက် ပြည်တွင်းကုန်ကြမ်းများ မှန်မှန်ကန်ကန်ရရှိအောင်ဆောင်ရွက်၍ ပြည်ပပို့ကုန် ထုတ်လုပ်နိုင်သည့် အဆင့်အထိ ဆောင်ရွက်နိုင်ရန်လိုကြောင်း။
- စီးပွားရေးတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်ပြီး ငွေကြေးတန်ဖိုး ပြောင်းလဲမှုမရှိဘဲ ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်သောကြောင့် ငွေကြေးတန်ဖိုးကို ထိန်းသိမ်းပြီး ဘဏ်စနစ်တည်ငြိမ်အောင် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း။
- သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းများအပေါ် ကြိုတင်မျှော်တွေး၍ ကြပ်ကြပ်မတ်မတ်ဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၀-၂၀၂၁)**

- **သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများသည့် နိုင်ငံဖြစ်ရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။**
- **ပညာရေးနှင့်ပတ်သက်၍ "အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်" ဖြစ်သောကြောင့် ပညာသင်ကြားရေးအား မဖြစ်မနေဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။**
- **နိုင်ငံတွင်း ဓာတ်မြေဩဇာလိုအပ်ချက်နှင့်ပတ်သက်၍ ပြည်တွင်း၌ ဓာတ်မြေဩဇာစက်ရုံ (၅) ရုံရှိသော်လည်း (၃) ရုံဖြင့်သာ ထုတ်လုပ်နိုင်၍ စက်ရုံအားလုံး စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ ပိုမိုထုတ်လုပ်နိုင်ရေး၊ နည်းလမ်းကြံဆဆောင်ရွက်ရမည်ဖြစ်ကြောင်း။**
- **ဘိလပ်မြေကို Standard တစ်ခုထား၍ ပြည်တွင်း၌သာ quality ကောင်းကောင်းဖြင့် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဘိလပ်မြေစက်ရုံများသို့ သွားရောက်၍ သတ်မှတ်အရည်အချင်းမှီမမှီ စစ်ဆေးရန်လို။**
- **မြန်မာနိုင်ငံတွင် သံမဏိကုန်ကြမ်းများကို နှစ်ပေါင်းများစွာထုတ်နိုင်သည့် နေရာ ၄ နေရာလောက်ရှိသည့်အတွက် သံချောင်းအသေးလေးတွေနှင့် ကျေနပ်မနေဘဲ ငါးမူးလုံး၊ တစ်ကျပ်လုံးမှတစ်ဆင့် H Beam၊ I Beam ထုတ်နိုင်တဲ့အဆင့်ထိ ကြိုးစားဆောင်ရွက်ရန်လို။**
- **မိမိတို့အစိုးရအနေဖြင့် ဘိလပ်မြေနှင့်ပတ်သက်၍ ပြည်တွင်း၌ လုံလောက်စွာထုတ်ရန် လုပ်ဆောင်လျက်ရှိပြီး ဓာတ်မြေဩဇာထုတ်လုပ်ရေးနှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများအား စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပ မည်သူမဆို ဖိတ်ခေါ်ပြီး မိမိတို့အတတ်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်။**
- **စီးပွားရေးတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်၍ ငွေကြေးတန်ဖိုးကို ထိန်းသိမ်းပြီး ဘဏ်စနစ်တည်ငြိမ်အောင် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိ။**

# အာဆီယံအစည်းအဝေးများတက်ရောက်ရာတွင် မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

## သတင်းထုတ်ပြန်ချက်

အာဆီယံအစည်းအဝေးများအားလုံးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်တူ၊ တန်းတူတက်ရောက်ရန် အာဆီယံပဋိညာဉ်စာတမ်းမှ ပြဋ္ဌာန်းထားသည်ဖြစ်ရာ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည့် (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများနည်းတူ အဆင့်တူကိုယ်စားပြုတက်ရောက်ရန် အခွင့်အရေး အပြည့်အဝ ရှိပါသည်။

သို့သော် အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ကိုယ်စားလှယ်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်)တက်ရောက်ရန် လက်ရှိအာဆီယံဥက္ကဋ္ဌဖြစ်သူ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖိတ်ကြားလာခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသကဲ့သို့၊ အာဆီယံ၏ လုပ်ထုံးလုပ်နည်းနှင့် အစဉ်အလာမှလည်း သွေဖည်နေပါသည်။ ထို့အပြင် အစည်းအဝေးတက်မည့် မြန်မာကိုယ်စားလှယ်၏ အဆင့်အတန်းကို နိမ့်ပြီးဖိတ်ကြားခြင်းနှင့် အစည်းအဝေးများ၌ ဆွေးနွေးရာတွင် ကန့်သတ်မှုများထားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်-၅ နှင့်လည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည့် (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲ သို့မဟုတ် နိုင်ငံအကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်က ပါဝင်တက်ရောက်နိုင်ရေးကိုသာ မြန်မာနိုင်ငံက လက်ခံမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းပြန်ထားပြီး ဖြစ်ပါသည်။

အာဆီယံအစည်းအဝေးများတက်ရောက်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် မြန်မာနိုင်ငံတို့အကြား အမြင်မတူမှုများ၊ အာဆီယံပဋိညာဉ်စာတမ်းပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်အချို့အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန်အတွက်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်**

**(မြဝတီသတင်းစာ ၂၆-၁၀-၂၀၂၁)**

- **မြန်မာနိုင်ငံသည် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများနည်းတူ အဆင့်တူကိုယ်စားပြုတက်ရောက်ရန် အခွင့်အရေးအပြည့်အဝရှိ။**
- **အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ကိုယ်စားလှယ် (နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်)တက်ရောက်ရန် လက်ရှိအာဆီယံဥက္ကဋ္ဌဖြစ်သူ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖိတ်ကြားလာခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသကဲ့သို့၊ အာဆီယံ၏ လုပ်ထုံးလုပ်နည်းနှင့် အစဉ်အလာမှလည်း သွေဖည်နေ။**
- **အစည်းအဝေးတက်မည့် မြန်မာကိုယ်စားလှယ်၏ အဆင့်အတန်းကို နိမ့်ပြီး ဖိတ်ကြားခြင်းနှင့် အစည်းအဝေးများ၌ ဆွေးနွေးရာတွင် ကန့်သတ်မှုများထားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်-၅ နှင့်ကိုက်ညီမှုမရှိ။**

- **အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံအကြီးအကဲ သို့မဟုတ် နိုင်ငံအကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်က ပါဝင်တက်ရောက်နိုင်ရေးကိုသာ မြန်မာနိုင်ငံက လက်ခံမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌသို့ အကြောင်းပြန်ထားပြီးဖြစ်။**
- **အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် မြန်မာနိုင်ငံတို့အကြား အမြင်မတူမှုများ၊ အာဆီယံပဋိညာဉ်စာတမ်းပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်အချို့အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန်အတွက်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်



**နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၌ ဒေသခံပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအား ထောက်ခံကြိုဆိုနေမှု**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို အောက်တိုဘာလ ၂၅ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ် ၈ မြို့နယ်၌ လည်းကောင်း၊ ကချင်ပြည်နယ်ရှိ မြို့နယ် ၇ မြို့နယ် ၌ လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ မြို့နယ် ၄ မြို့နယ်၌ လည်းကောင်း၊ မွန်ပြည်နယ်ရှိ မြို့နယ် ၁ မြို့နယ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ၂ မြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၁ မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁ မြို့နယ် ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် ၁ မြို့နယ်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၁ မြို့နယ်၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ် ၁ မြို့နယ်၌ လည်းကောင်း စုစုပေါင်း မြို့နယ် ၄၇ မြို့နယ်၌ လူအင်အား စုစုပေါင်း ၁၈၂,၅၀၀ ဦးခန့်တို့က ထောက်ခံဆန္ဒဖော်ထုတ်ခဲ့ပါသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မြန်မာ့တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံကြောင်းနှင့် NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ"စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၀-၂၀၂၁)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ



စစ်ကိုင်းတိုင်းဒေသကြီး



တနင်္သာရီတိုင်းဒေသကြီး



ပဲခူးတိုင်းဒေသကြီး



မန္တလေးတိုင်းဒေသကြီး



ဧရာဝတီတိုင်းဒေသကြီး



ကချင်ပြည်နယ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ





ရှမ်းပြည်နယ်



ရခိုင်ပြည်နယ်



မွန်ပြည်နယ်

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၄၇ မြို့နယ်၌ ပြည်သူစုစုပေါင်း ၁၈၂,၅၀၀ ဦးခန့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်၍ ဆန္ဒဖော်ထုတ်။
- ဆန္ဒဖော်ထုတ်ရာတွင် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မြန်မာ့တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅)ရပ်အား ထောက်ခံကြောင်း၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှု အလိုမရှိ” စသည့် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့။

# ပြည်ပကုန်သွယ်ဖက်နိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးသင်တန်း(၂၀၂၁) သင်တန်းဖွင့်ပွဲကျင်းပ



စီးပွားရေးသံမှူးသင်တန်း (၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၅ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဒုတိယဝန်ကြီးတို့က စီးပွားရေးသံမှူးများအား မှာကြားခဲ့ရာတွင်-

- ပြည်ပကုန်သွယ်ဖက်နိုင်ငံများသို့ စီးပွားရေးသံမှူးများကို ၂၀၁၂ ခုနှစ်မှ စတင်စေလွှတ်ခဲ့ရာ စီးပွားရေးသံမှူးဆိုသော်လည်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြှင့်တင်ရေးကိစ္စများကို အထူးအလေးပေးဆောင်ရွက်ရန် လိုကြောင်း။
- နိုင်ငံတော်အကြီးအကဲကလည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးသံမှူးများကို ရှေ့တန်းတိုက်စစ်မှူးများအဖြစ် အားထားနေသည့်အတွက် သင်တန်းတွင် ပို့ချသွားမည့် စီးပွားရေးသံမှူးများ လေ့လာထားရမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ယူရန် လိုအပ်ကြောင်း။
- နိုင်ငံ့ပို့ကုန်တိုးတက်ရေးအတွက် ထုတ်ကုန်များ အမယ်စုံတင်ပို့နိုင်ရေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီရေး၊ ဈေးကွက်သစ်များရှာဖွေရေး၊ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေး၊ တစ်ဖက်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းရေးနှင့် ကုန်သွယ်မှုဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများကို လေ့လာပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပေါင်းစပ်အသုံးချဆောင်ရွက်သွားရမည်ဖြစ်သဖြင့် သင်တန်းမှ ပို့ချချက်များကို အားကြိုးမာန်တက် လေ့လာသွားကြရန် လိုအပ်ကြောင်း။
- လက်ရှိအခြေအနေအရ စီးပွားရေးသံမှူးများ စေလွှတ်ထားသော အနောက်နိုင်ငံများမှာ ကုန်သွယ်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု နည်းနေသော်လည်း စီးပွားရေး၊ လူမှုရေးအခြေအနေများကို လေ့လာတင်ပြလျက်ရှိကြောင်း။
- မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ စီးပွားရေးသံမှူး ၄ ဦး စေလွှတ်ထားပြီး တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်မှု အများအပြားဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သစ်သီးဝလံများ၊ ကျွဲနွားများ တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာပို့ကုန်အများအပြား တင်ပို့နိုင်ခဲ့ကာ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း ပြောကြားခဲ့။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ သင်တန်းသား/သူ ၃၈ ဦး တက်ရောက်ခဲ့ပါသည်။

**(ကြေးမုံသတင်းစာ ၂၆-၁၀-၂၀၂၁)**

- နိုင်ငံတော်အကြီးအကဲကလည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးသံမှူးများကို ရှေ့တန်းတိုက်စစ်မှူးများအဖြစ် အားထားနေသည့်အတွက် သင်တန်းတွင် ပို့ချသွားမည့် စီးပွားရေးသံမှူးများ လေ့လာထားရမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ယူရန်လိုအပ်။
- မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ စီးပွားရေးသံမှူး ၄ ဦး စေလွှတ်ထားပြီး တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်မှုအများအပြား ဆောင်ရွက်လျက်ရှိ။
- မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သစ်သီးဝလံများ၊ ကျွဲနွားများတင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာပို့ကုန် အများအပြား တင်ပို့နိုင်ခဲ့ကာ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့။

## (၂၀) ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေးကျင်းပ



(၂၀) ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (ASLOM) ကို အောက်တိုဘာ ၂၅ ရက်မှစတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပလျက်ရှိရာ အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က အလှည့်ကျဥက္ကဋ္ဌအနေဖြင့် တက်ရောက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်ဥပဒေအရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က-

- (၁၉) ကြိမ်မြောက် ASLOM အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေးအပေါ် ဗဟိုအာဏာပိုင်အဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SOM-MLAT)နှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့များ၏ အာဆီယံဝန်ကြီးများ၊ ရှေ့နေချုပ်များအစည်းအဝေး (AMAG-MLAT) နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို အတည်ပြုနိုင်ခဲ့ကြောင်း။
- မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်းအပါအဝင် အာဆီယံကဏ္ဍအသီးသီးမှ ကျင်းပခဲ့သည့် များစွာသောအစည်းအဝေးများတွင် ပါဝင်ခဲ့ကြောင်း ဆွေးနွေးပြောကြားခဲ့။

အစည်းအဝေးတွင် အာဆီယံတရားခံလွှဲပြောင်းရေးသဘောတူစာချုပ်၏ ဖြစ်ပေါ်တိုးတက်မှုကိစ္စ၊ အာဆီယံကုန်သွယ်ရေးဥပဒေ လိုက်လျောညီထွေဖြစ်စေရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက် နှစ်ရက်တာ ကျင်းပမည်ဖြစ်သည်။

**(မြဝတီသတင်းစာ ၂၆-၁၀-၂၀၂၁)**

- **မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာအသိုက်အဝန်းအပါအဝင် အာဆီယံကဏ္ဍအသီးသီးမှ ကျင်းပခဲ့သည့် များစွာသောအစည်းအဝေးများတွင် ပါဝင်ခဲ့။**
- **အစည်းအဝေးတွင် အာဆီယံတရားခံလွှဲပြောင်းရေး သဘောတူစာချုပ်၏ ဖြစ်ပေါ်တိုးတက်မှုကိစ္စ၊ အာဆီယံကုန်သွယ်ရေး ဥပဒေ လိုက်လျောညီထွေဖြစ်စေရေး ကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် သတ်မှတ်ဦးစားပေးအစီအစဉ်များအတိုင်း ကာကွယ်ဆေးထိုးနှံခြင်း၊ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများအား အဆက်မပြတ်တင်သွင်းပေးလျက်ရှိခြင်း၊ Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် အခြေခံပညာ အလယ်တန်းနှင့်အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်ပြည့်ပြီး ကျောင်းသား/သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းတို့အား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၉ ဦးနှင့် အမျိုးသမီး ၇၀ ဦး စုစုပေါင်း ၁၆၉ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၃၁,၈၂၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၈,၃၃၃ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ အောက်တိုဘာလ ၂၅ ရက်တွင် ၄၃,၁၀၂ ဦးရှိခဲ့ပြီး စုစုပေါင်း ၈၇၃,၂၈၀ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား တင်သွင်းနိုင်ရန် ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိရာ-

- အောက်တိုဘာလ ၂၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၅ ခုမှ ယာဉ်စီးရေ ၁၁ စီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၅၃၀၊ Oxygen Plant ၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၁,၀၀၀၊ PPE ဝတ်စုံ ၄၁,၂၅၀၊ လက်အိတ် ၁၀ တန်နှင့် နှာခေါင်းစည်း (Mask) တန် ၃၀ တို့ကို တင်သွင်းနိုင်ခဲ့။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ




**နေပြည်တော်နှင့် လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ သီးသန့်စောင့်ကြည့်လူနာများလက်ခံနေမှု**



**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးနေမှု**



**ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ပြည်ပမှ တင်သွင်းနေမှု**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၅ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၇,၂၉၄ ခုအား စစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၇၁၁ ဦးဖြင့် ပိုးတွေ့ရှိမှုမှာ ၄.၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၅-၁၀-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၄,၇၅၂,၁၀၈ ခု အား စစ်ဆေးခဲ့ပြီး အတည်ပြုလူနာ စုစုပေါင်း ၄၉၄,၉၇၄ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၅၆၀ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၀-၂၀၂၁)**

- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းအား အောက်တိုဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၂၃၁,၈၂၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၈,၃၃၃ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုမှာ အောက်တိုဘာလ ၂၅ ရက်တွင် ၄၃,၁၀၂ ဦးရှိခဲ့ပြီး စုစုပေါင်း ၈၇၃,၂၈၀ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **အောက်တိုဘာလ ၂၅ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၇,၂၉၄ ခုအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာသစ် ၇၁၁ ဦးဖြစ်ပြီး ပိုးတွေ့ရှိမှုမှာ ၄.၁၁ ရာခိုင်နှုန်းဖြစ်။**

# ဖြူးမြို့နယ်ရှိ တောင်သူများအတွက် နိုင်ငံတော်မှ ဓာတ်မြေသြဇာများထောက်ပံ့ပေးအပ်



သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးသီးနှံ ထိခိုက်ကေနှင့် ပြန်စိုက်ကေများအတွက် တောင်သူလယ်သမားများ အထောက်အကူဖြစ်စေရန် နိုင်ငံတော်အစိုးရမှ ဓာတ်မြေသြဇာများထောက်ပံ့ပေးအပ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးကေပေါင်း ၂,၂၈၆ ကေ ထိခိုက်/ ပြန်စိုက်ခဲ့ရသည့် တောင်သူလယ်သမား ၃၃၂ ဦး တို့အတွက် ဓာတ်မြေသြဇာ ၁,၀၈၄ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၆-၁၀-၂၀၂၁)**

- **ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးကေပေါင်း ၂,၂၈၆ ကေ ထိခိုက်/ ပြန်စိုက်ခဲ့ရသည့် တောင်သူလယ်သမား ၃၃၂ ဦးတို့အတွက် နိုင်ငံတော်အစိုးရက ဓာတ်မြေသြဇာ ၁,၀၈၄ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့။**